ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ညွှန်ကြားချက်အမှတ်၊ ၉၅/၂၀၂၀

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၁၄ရက်

(၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ၁၇ရက်)

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးရာတွင် လိုက်နာရန် ညွှန်ကြားချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အလို့ငှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမြဲတမ်းအတွင်းဝန်** ဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကို ဆိုသည်။

(ခ) **တာဝန်ပေးအပ်ခြင်းခံရသော အရာရှိ** ဆိုသည်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးရန် အမြဲတမ်းအတွင်းဝန်က တာဝန်ပေးအပ်ခြင်းခံရသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးအရာရှိနှင့်အထက် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဂ) **ဆက်နွယ်သူ** ဆိုသည်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုက်ရိုက်

ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိသူ သို့မဟုတ် ကိုယ်စားလှယ် စေလွှတ်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူက သက်ဆိုင်ရာတာဝန်ရှိသူနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း စာဖြင့်တင်ပြလာလျှင် အမြဲတမ်းအတွင်းဝန်သည် တွေ့ဆုံဆွေးနွေးခွင့်ပြုရန် သင့် မသင့် စိစစ်ဆုံးဖြတ်ရမည်။

၃။ အမြဲတမ်းအတွင်းဝန်သည် အပိုဒ် ၂ အရ တွေ့ဆုံဆွေးနွေးခွင့်ပြုရန် ဆုံးဖြတ်လျှင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူထံ အောက်ပါအချက်အလက်များကိုဖော်ပြ၍ စာဖြင့် အကြောင်းကြားရမည် -

(က) တွေ့ဆုံဆွေးနွေးခွင့်ပြုသည့် အကြောင်းအရာ၊

(ခ) တွေ့ဆုံဆွေးနွေးခွင့်ပြုသည့် နေ့ရက်၊ အချိန်နှင့် နေရာ (ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်းနှင့် အစိုးရဌာန အဆောက်အအုံအတွင်း)၊

(ဂ) တွေ့ဆုံဆွေးနွေးခွင့်ပြုသည့် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူများ၏ အမည်စာရင်း။

၄။ တာဝန်ပေးအပ်ခြင်းခံရသောအရာရှိသည် အမြဲတမ်းအတွင်းဝန်၏ တာဝန်ပေးချက်အရ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးရာ၌ တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ မှတ်တမ်းဓါတ်ပုံ ရိုက်ကူးခြင်း၊ အသံဖိုင် မှတ်တမ်းတင်ခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ အများပြည်သူသိရှိစေရန် ကြော်ငြာခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မပြုလုပ်ရန် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူအား တွေ့ဆုံဆွေးနွေးမှု မစတင်မီ ကြိုတင်သတိပေးပြီး ပူးတွဲပါဝန်ခံကတိပြုချက်ပုံစံတွင် လက်မှတ်ရေးထိုးစေရမည်။

၅။ တာဝန်ပေးအပ်ခြင်းခံရသောအရာရှိသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးရာတွင် အောက်ပါတို့ကို မှတ်တမ်းတင် ထားရှိရမည် -

(က) တွေ့ဆုံဆွေးနွေးခွင့်ပြုသည့် အကြောင်းအရာ၊

(ခ) နေ့ရက်၊ အချိန်နှင့် နေရာ၊

(ဂ) တာဝန်ပေးအပ်ခြင်းခံရသောအရာရှိ၏ အမည်နှင့် ရာထူး၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူ၏ အမည်၊ ရာထူးနှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(င) တက်ရောက်သူများ၏ အမည်စာရင်း၊

(စ) ဆွေးနွေးပြောကြားချက် အကျဉ်းချုပ်မှတ်တမ်း။

၆။ တာဝန်ပေးအပ်ခြင်းခံရသော အရာရှိသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူနှင့် တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အစီရင်ခံစာ တင်ပြရမည်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းကို တာဝန်ခံဆောင်ရွက်သည့် ဌာနခွဲသည် တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်ရမည်။

ဒေါ

13.8.20

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(လ)၂၀၂၀/ ၁၇၄၅၅

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ(၁၇)ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွတ်တော်ရုံး

ပြည်ထောင်စုတရားလွတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

ဥက္ကဋ္ဌ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးများအားလုံး

Order/Nilar(2020)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ သို့မဟုတ် ဆက်နွယ်သူ၏ ဝန်ခံကတိပြုချက်

ရက်စွဲ .....

ကျွန်တော်/ကျွန်မ(ရာထူး/တာဝန်/ကုမ္ပဏီ).....

....

....၊

အသက်.....နှစ်၊ .....နိုင်ငံသား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်.....၊

ကိုင်ဆောင်သူသည် ၂၀.....ခုနှစ် .....လ .....ရက်နေ့တွင် .... ဌာနခွဲ

တာဝန်ပေးအပ်ခြင်းခံရသောအရာရှိနှင့် တွေ့ဆုံဆွေးနွေးရာတွင် တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ မှတ်တမ်းဓါတ်ပုံရိုက်ကူးခြင်း၊ အာသံဖိုင်မှတ်တမ်းတင်ခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ အများပြည်သူ သိရှိစေရန် ကြော်ငြာခြင်းနှင့် သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်မည် မဟုတ်ပါကြောင်း ဝန်ခံကတိပြု ပါသည်။

လက်မှတ်.....

အမည် .....

နေရပ်လိပ်စာ အပြည့်အစုံ.....

.....

ဖုန်းနံပါတ်.....

အီးမေးလ်လိပ်စာ.....

Ministry of Health and Sports

Letter of affirmation for

Tobacco Producers, Distributors, Sellers or related Person

Date .....

I (Designation, Duties, Company) .....

.....

....I

Age.....yr, ...Nationality, National Registration Number/ Passport Number.....I

when meeting with designated official from Ministry of Health and Sports on .....(day) of .....(month), 20....., at .....

.....

department, hereby affirm that I will neither take photograph nor record sound nor record video nor advertise about the meeting nor put the message into publicity.

Signature.....

Name .....

Full address.....

.....

PhoneNumber.....

Email Address.....